ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ညွှန်ကြားချက်အမှတ်( ၉ /၂၀၁၆)

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား မတည်ငွေရင်း၏ ၁၀%ကို အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူခွင့်ပြုခြင်း

၁၃၇၈ခုနှစ်၊သီတင်းကျွတ်လဆုတ်( ၃ )ရက်

၂၀၁၆ခုနှစ်၊အောက်တိုဘာလ ၁၉ ရက်

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၅)၊ အပိုဒ်၂(ဂ)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်း ကျပ် ၁၅ ဘီလီယံကိုထည့်ဝင်စေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါညွှန်ကြားချက်အပိုဒ်၂(ဓ)အရ မတည်ငွေရင်း၏ ၁၀%ဖြစ်သော ကျပ် ၁.၅ ဘီလီယံအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀-၉-၂၀၁၆ ရက်နေ့မှစ၍ ဆောင်ရွက်နေသည့် အစိုးရငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့် ရောင်းချခြင်းတွင် ဝင်ရောက်ဝယ်ယူခွင့်ပြုပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ငွေတိုက်စာချုပ်များဝယ်ယူပြီးပါက ဝယ်ယူထားမှုအခြေအနေ၊ ပြန်လည်ရွေးနုတ်မှု၊ ထပ်မံဝယ်ယူမှုအခြေအနေများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြရမည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ကော်မရှင်/မူဝါဒ/၁၂၁၁/၂၀၁၆

ရက်စွဲ ၊ ၂၀၁၆ခုနှစ်၊အောက်တိုဘာလ ၁၉ ရက်

ဖြန့်ဝေခြင်း

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအားလုံး